မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
February 26 , 2026 Volume 99 , Number 16

၂၆. ၂. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၉.၆၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၆၂.၁၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၂.၈၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၉၄.၄၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၇.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၄၀.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၆၀ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာ့ ပဲ၊ ပြောင်း၊ နှမ်း ပြည်ပတင်ပို့မှုမှ ဒေါ်လာ ၂ ဘီလျံ ရရှိရန် မျှော်မှန်းထား



လက်ရှိဘဏ္ဍာနှစ်ဖြစ်သော ၂၀၂၅-၂၀၂၆ တွင် မြန်မာ့ ပဲ၊ ပြောင်း၊ နှမ်း ပြည်ပ တင်ပို့မှုမှ ဒေါ်လာ(၂) ဘီလျံရရှိရန်မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ပဲ၊ ပြောင်း၊ နှမ်း ကုန်သည်များအသင်းဥက္ကဋ္ဌကပြောသည်။

ယခုဘဏ္ဍာနှစ် ၁၀ လအတွင်း ပြည်ပသို့ ပဲ၊ ပြောင်း၊ နှမ်း တန်ချိန် (၂)သန်းကျော် တင်ပို့ထားပြီးဖြစ်ကြောင်းသိရသည်။

မြန်မာ့ ပဲ၊ ပြောင်း၊နှမ်းတင်ပို့မှုအတွင်း လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာ့ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၈ သန်းကျော်တင်ပို့ရန်မျှော်မှန်းထားပြီး ပြောင်းတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာသန်း၄၀၀ကျော်ဖိုးတင်ပို့ထားကြောင်းသိရသည်။

“၂၀၂၅-၂၀၂၆ မှာ ပဲ၊ ပြောင်း၊ နှမ်းပေါ့နော်။ တန်ချိန် ၃ သန်း ၂ သိန်းကျော် တင်ပို့မယ်လို့ လျာထားချက်ရှိတာပေါ့။လက်ရှိကတော့ တန်ချိန် ၂ သန်း ၄ သိန်းကျော် တင်ပို့ပြီးသွားပြီ။တန်၇သိန်းခွဲလောက်ကျန်တာပေါ့နော်"ဟုငင်းကပြောသည်။

ထို့ပြင်လက်ရှိဘဏ္ဍာနှစ်လက်ကျန် ၂ လတွင် ပဲ၊ ပြောင်း၊ နှမ်း တင်ပို့မှုမှ ဒေါ်လာသန်း၅၀၀နီးပါးရရှိရန်မျှော်မှန်းထားကြောင်းသိရသည်။

"တွက်ချက်မှုအရ ၂ လအတွင်းမှာ ဒေါ်လာ သန်း၄၅၀ကျော် သန်း ၅၀၀ နီးပါး အသင်းအနေနဲ့ ဘတ်ဂျက်အပိတ်မှာပေါ့လေ လျာထားချက်ပြည့်မီအောင် တင်ပို့ဖို့ရှိပါတယ်"ဟုငင်းကပြောကြားခဲ့သည်။

မြန်မာ့ ပဲ၊ ပြောင်း၊နှမ်းကို ယခင်က ပြည်ပ ၅၇ နိုင်ငံသို့တင်ပို့ခဲ့သော်လည်း လက်ရှိတွင် ပြည်ပ၄၈နိုင်ငံသာတင်ပို့နေခြင်းဖြစ်ကြောင်းငင်းကဆိုသည်။

လက်ရှိစာရင်းအရတော့ ၄၈ နိုင်ငံကိုပို့နေတာပေါ့နော်။ဈေးကွက်သစ်ကတော့လူတိုင်းကြိုးစားရှာနေတာပါပဲ။ အရင်ကတော့ ၅၇ နိုင်ငံအထိ ပို့ခဲ့တာ ဒီနှစ်ကတော့ မပို့နိုင်ခဲ့ဘူးပေါ့နော်" ဟု ၎င်းက ပြော သည်။

Source : https://npnewsmm.com/

## ယခုဘဏ္ဍာနှစ် ၁၀ လတာအတွင်းပုစွန်တန်ချိန် ကိုးထောင်နီးပါး ပြည်ပသို့တင်ပို့ခဲ့



ပြည်ပသို့ရေထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ယခုဘဏ္ဍာနှစ် ၁၀ လတာ ကာလအတွင်း ပုစွန်မက်ထရစ်တန် ၉,၀၀၀ နီးပါး တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ထက် တင်ပို့မှုပမာဏ မြင့်တက်လာကြောင်းငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။

ဘဏ္ဍာနှစ် ၂၀၂၅ ခုနှစ် ဧပြီလ မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ အထိ ပြည်ပသို့တင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှတစ်ဆင့် တင်ပို့သည့် တန်ချိန်ပမာဏမှာ ပိုမိုများပြားကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၈၁၃၅ ဒသမ ၀၇ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃၁၅ သန်း ရရှိခဲ့သည်။ နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၈၁၅ ဒသမ၇၉ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅၄ သန်း ရရှိခဲ့သဖြင့် ပြည်ပသို့ စုစုပေါင်း ပုစွန်မက်ထရစ်တန် ၈၉၅၀ ဒသမ ၈၆ တန် တင်ပို့ကာ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၇၆၉သန်းရရှိခဲ့ခြင်းဖြစ်သည်။

"ဒီနှစ်မှာပြည်ပကိုပုစွန်တင်ပို့မှုမြင့်တက်လာတယ်လို့ပြောရမယ်။အဓိကတင်ပို့တာကတော့ရေကြောင်းကပါ။ အရင်နှစ်ကာလတူတုန်းကတော့တန်ချိန် ၇၀၀၀ ကျော်လောက်ပဲ ပို့နိုင်ခဲ့ပါတယ်"ဟု ရေထွက်ကုန်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်က ပြည်ပသို့ ပုစွန်တင်ပို့မှုမှာ မက်ထရစ်တန် ၇၀၂၈ ဒသမ ၄၁၈ တန်သာ ရှိခဲ့ရာ ယခုဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါကပုစွန်မက်ထရစ်တန်၁၉၂၂ဒသမ၄၄၂တန်ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးနှင့် ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် ဂျပန် အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိသည်။ အဆိုပါတင်ပို့မှုများကို ရန်ကုန်မြို့မှတစ်ဆင့် ရေကြောင်းဖြင့် တင်ပို့ပြီး နယ်စပ်ဂိတ်များမှတစ်ဆင့်တိုက်ရိုက်တင်ပို့ကြသည်။

လက်ရှိ ပြည်တွင်းရေထွက်ကုန်ဈေးကွက်တွင် ပုစွန်ဈေးနှုန်းများ မြင့်တက်နေပြီး အမျိုးအစားအလိုက် တစ်ပိဿာလျှင် ကျပ် ၅၀,၀၀၀ အထက်တွင် ရှိနေကြောင်း သိရသည်။

**Source:** https://npnewsmm.com/

## အတက်/ကျဈေး ဖြစ်ပေါ်ခဲ့သည့် မွန်ပြည်နယ်၏ မြို့နယ်အလိုက် ရော်ဘာဈေးနှုန်း

မွန်ပြည်နယ်အတွင်း မြို့နယ်အလိုက် ဈေးနှုန်းဖွင့်လှစ်ရောင်းချသည့် ရော်ဘာ RSS-3 (Ribbed Smoke Sheet-3) တစ်ပေါင်ဈေးနှုန်းမှာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မော်လမြိုင် ၂၈၇၀ ကျပ်၊ ကျိုက်မရော ၂၇၀၀ ကျပ်၊ ချောင်းဆုံ ၂၈၂၀ ကျပ်၊ မုဒုံ ၂၈၇၀ ကျပ်၊ သံဖြူဇရပ် ၂၈၆၀ ကျပ်၊ ရေး ၂၄၅၀ ကျပ်၊ ပေါင် ၂၈၃၀ ကျပ်၊ သထုံ ၂၈၅၀ ကျပ်၊ ဘီးလင်း ၂၈၃၀ ကျပ်နှင့် ကျိုက်ထိုမြို့တွင် ၂၇၅၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၈ ရက်တွင် ရော်ဘာ  RSS-3 တစ်ပေါင် ဈေးနှုန်းမှာ မော်လမြိုင် ၂၈၅၀ ကျပ်၊ ကျိုက်မရော ၂၆၅၀ ကျပ်၊ ချောင်းဆုံ ၂၇၅၀ ကျပ်၊ မုဒုံ ၂၈၇၀ ကျပ်၊ သံဖြူဇရပ် ၂၇၉၀ ကျပ်၊ ရေး ၂၄၀၀ ကျပ်၊ ပေါင် ၂၈၃၀ ကျပ်၊ သထုံ ၂၈၄၀ ကျပ်၊ ဘီးလင်း ၂၈၂၀ ကျပ်နှင့် ကျိုက်ထိုမြို့တွင် ၂၇၂၀ ကျပ် ဖြစ်ပေါ်ခဲ့သည့်အတွက် တစ်ပတ်အတွင်း မွန်ပြည်နယ်ရှိ ကျိုက်ထိုမြို့နယ်တွင် ရော်ဘာတစ်ပေါင်လျှင် ကျပ် ၂၀ အကျဈေးဖြစ်ပေါ်ခဲ့ပြီး၊ မုဒုံမြို့နယ်နှင့်ပေါင်မြို့နယ်တို့တွင် ဈေးနှုန်း တည်ငြိမ်လျက်ရှိကာ ကျန်မြို့နယ်အားလုံးတွင်  ရော်ဘာ တစ်ပေါင်လျှင် ကျပ် ၁၀ မှ ကျပ် ၁၀၀ အထိ အတက်ဈေး ဖြစ်ပေါ် ခဲ့ကြောင်း ရော်ဘာဈေးကွက်မှ သတင်းရရှိသည်။

Source : **မွန်ပြည်နယ်ဦးစီးမှူးရုံး**

## ကုလားပဲမျိုးစုံ အသစ်များ ဝင်ရောက်နေ



ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် မန္တလေးကုန်စည်ဒိုင်၌ ကုလားပဲမျိုးစုံအသစ်များဝင်ရောက်နေပြီး  အရောင်းအဝယ်အေးကာဈေးနိမ့်လာကြောင်းသိရသည်။

ကုလားပဲ(V2) ၅၇ ဒသမ ၂၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ်၂၁၈,၀၀၀မှ၂၂၀,၀၀၀၊ယခင်တစ်ပတ် ကျပ် ၂၂၃,၀၀၀ မှ ၂၂၄,၀၀၀ ၊ ယခင်လ ၂၄၅,၀၀၀ ကျပ် ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀၀မှ ၅၀၀၀၊ ယခင်လထက် ကျပ် ၂၅,၀၀၀မှ ၂၇,၀၀၀ ခန့်  ဈေးနိမ့်လာသည်။

ကုလားပဲ(V7) ၅၇ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်  ကျပ် ၂၁၈,၀၀၀မှ ၂၁၉,၀၀၀၊ ယခင်တစ်ပတ် ၂၂၃,၀၀၀ကျပ်၊ ယခင်လ ၂၄၀,၀၀၀ ကျပ် ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၄၀၀၀ မှ ၅၀၀၀ ၊ယခင်လထက် ကျပ် ၂၁၀၀၀မှ ၂၂,၀၀၀ ဈေးနိမ့်လာသည်။

ကုလားပဲ(ထိုင်ဝမ်)၅၆ ဒသမ  ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ၂၁၃,၀၀၀ကျပ်၊ ယခင်တစ်ပတ် ကျပ် ၂၁၅,၀၀၀ မှ ၂၁၇,၀၀၀၊ ယခင်လ ၂၂၅,၀၀၀ ကျပ်ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀မှ ၄၀၀၀၊ ယခင်လထက် ၁၂,၀၀၀ ကျပ် ဈေးနိမ့်လာသည်။

ကုလားပဲ(၉၂၉) ၅၆ ဒသမ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၁၃,၀၀၀ မှ ၂၁၅,၀၀၀၊ ယခင် တစ်ပတ် ကျပ် ၂၂၂,၀၀၀မှ ၂၂၃,၀၀၀၊ ယခင်လ ကျပ် ၂၃၇,၀၀၀ မှ ၂၃၈,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၈၀၀၀မှ ၉၀၀၀၊ ယခင်လထက် ကျပ် ၂၃,၀၀၀မှ ၂၄,၀၀၀ ခန့် ဈေးနိမ့်လာသည်။

Source : https://myantrade.gov.mm/

## ကြက်သွန်နီဈေးနှုန်းများ ကျဆင်း



ပခုက္ကူကုန်စည်ဒိုင်၏  ကြက်သွန်နီဈေးနှုန်းများအနေဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမအပတ်တွင် ကြက်သွန်နီ ထိပ်စ တစ်ပိဿာလျှင် ၂၄၅၀ ကျပ်၊ အလတ်စ တစ်ပိဿာလျှင် ၁၆၀၀ ကျပ်နှင့် အသေးစ တစ်ပိဿာလျှင် ၆၅၀ ကျပ်တို့ဖြင့် တစ်ပတ်အတွင်းကုန်ချိန် ၁၀,၀၀၀ ပိဿာမှ ၄၀,၀၀၀ ပိဿာအထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ တတိယအပတ်တွင် ကြက်သွန်နီထိပ်စ တစ်ပိဿာလျှင် ၁၅၀၀ ကျပ်၊ အလတ်စ တစ်ပိဿာလျှင် ၁၃၀၀ ကျပ်နှင့် အသေးစ တစ်ပိဿာလျှင် ၅၀၀ ကျပ်တို့ ဖြင့် တစ်ပတ်အတွင်း ကြက်သွန်နီကုန်ချိန် ၁၈,၀၀၀ ပိဿာမှ ၂၀,၀၀၀ ပိဿာအထိ အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမအပတ်နှင့် တတိယအပတ်တို့ နှိုင်းယှဉ်ရာတွင် ကြက်သွန်နီ ထိပ်စ တစ်ပိဿာလျှင် ၉၅၀ ကျပ်၊ အလတ်စ တစ်ပိဿာလျှင် ၃၀၀ ကျပ်နှင့် အသေးစ တစ်ပိဿာလျှင် ၁၅၀ ကျပ်ထိ ကြက်သွန်နီဈေးနှုန်းများ အနည်းငယ် ကျဆင်းလာကြောင်း ပခုက္ကူကုန်စည်ဒိုင် သတင်းအရသိရသည်။

**Source : မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## အမေရိကန်ပဲပုပ်ဖတ်တင်ပို့မှု တိုးမြှင့်နိုင်ရေး မြန်မာဝယ်လက်များနှင့် သဘောတူလက်မှတ်ထိုး




အရှေ့တောင်အာရှကို အမေရိကန်ပဲပုပ်ဖတ်တင်ပို့မှု တိုးမြှင့်နိုင်ဖို့အတွက် အမေရိကန်တင်ပို့ရောင်းချသူနဲ့ မြန်မာဝယ်ယူသူတွေအကြား သဘောတူညီချက်အသစ် လက်မှတ်ရေးထိုးခဲ့ကြောင်း အမေရိကန်သံရုံးက ထုတ်ပြန်ပါတယ်။

အခုလိုမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုတွေဟာ အမေရိကန်လယ်သမားများအတွက် ဈေးကွက်သစ်တွေဖော်ဆောင်ပေးတဲ့အပြင် ဒေသတွင်းမှာ ခိုင်မာတဲ့ ထောက်ပံ့ရေးကွင်းဆက်တွေနဲ့ ရေရှည်စီးပွားရေး အဆက်အသွယ်တွေကို ပိုမိုအားကောင်းစေတယ်လို့ ဆိုပါတယ်။

စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုပြီး ထုတ်လုပ်သူတွေနဲ့ ဝယ်ယူသူတွေအတွက် အခွင့်အလမ်းသစ်တွေ ဖန်တီးပေးမဲ့ ကုန်သွယ်ရေးအစီအစဉ်တွေကို ကြိုဆိုကြောင်း သံရုံးက ပြောကြားထားပါတယ်။

**Source : BETV Business**

## အာဆီယံ – ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (FTA) ဆိုင်ရာ ညှိနှိုင်းမှုများကို အရှိန်မြှင့်တင်၊ ၂၀၂၆ ခုနှစ်တွင် အပြီးသတ်ရန် ရည်မှန်းထားကြောင်း ထိုင်းသတင်းစာ The Nation က ဖော်ပြ

အာဆီယံ (ASEAN) နှင့် ကနေဒါသည် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (FTA) ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ယခုအချိန်တွင် ဆွေးနွေးမှုများ၏ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးကာ အခန်း ၁၀ ခန်းကိုလည်း သဘောတူညီပြီးဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ် တွင် အပြီးသတ်နိုင်ရန် ရည်မှန်းထားကြောင်း၊ ထိုင်း၊ The Nation သတင်းဌာနအရ သိရသည်။

သဘောတူညီခဲ့သော အကြောင်းအရာများတွင် လူပုဂ္ဂိုလ်များ ယာယီရွှေ့ပြောင်းသွားလာခွင့်၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs)၊ ယှဉ်ပြိုင်မှုမူဝါဒ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကောင်းမွန်သော မူဝါဒများ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ အပင်၊ လူနှင့် ကျန်းမာရေးဆိုင်ရာနည်းလမ်းများ (sanitary and phytosanitary measures) နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပါဝင်ပါသည်။

သို့သော်ကုန်စည်ကူးသန်းရောင်းဝယ်မှု၊ပင်ရင်းဒေသစည်းမျဉ်းများ၊စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ထောက်ခံချက်ပေးခြင်းနှင့်စစ်ဆေးအတည်ပြုခြင်းလုပ်ငန်းစဉ်များ၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး (E-commerce)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သော ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုစသည့် အဓိကကိစ္စရပ်များတွင် သဘောထားများ ကွဲပြားလျက်ရှိကြောင်း၊ အဆိုပါကိစ္စရပ်များကို ဆောလျင်စွာ ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေကြပြီး အကယ်၍

သဘောတူညီချက်ပြီးစီးခဲ့ပါက မရေရာသော ကမ္ဘာ့ကုန်သွယ်ရေး အခြေအနေနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများကြားမှပင် ဒေသနှစ်ခုလုံးအတွက် ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် စီးပွားရေးအခွင့်အလမ်းများကို ပိုမိုမြှင့်တင်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံအတွက်လည်းယခုသဘောတူညီချက်သည် အလွန်အရေးကြီးပြီး မြောက်အမေရိကဒေသရှိ နိုင်ငံတစ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြားပထမဆုံးချုပ်ဆိုမည့် FTA ဖြစ်ကြောင်း၊ထိုင်းသည်ကနေဒါနှင့် နှစ်နိုင်ငံ FTA ဆွေးနွေးမှုများကို ၂၀၂၆ ခုနှစ် နှစ်လယ်ပိုင်းတွင် စတင်ရန် စီစဉ်နေကြောင်း ဖော်ပြထားပါသည်။

စီးပွား/ကူးသန်းဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် Chotima Iamsawadikun က ဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဆီယံနှင့် ကနေဒါနိုင်ငံတို့အကြား အနာဂတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် အလွန်အရေးပါသည့်ကျန်ရှိနေသောကုန်စည်ရောင်းဝယ်ရေး၊ အီလက်ထရွန်းနစ်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို အမြန်ဆုံးဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ ထိုင်းသည် ကနေဒါနှင့် နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေး ပိုမိုခိုင်မာစေရန် ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်တွင် ကနေဒါနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၃ ဒသမ ၉၂ ဘီလီယံ တင်ပို့ခဲ့ပြီး ယခင်နှစ်ထက် ၂၁ ဒသမ ၄၄ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံမှ ကနေဒါနိုင်ငံသို့ အဓိက တင်ပို့သည့် ကုန်စည်များမှာ ကွန်ပျူတာနှင့် အစိတ်အပိုင်းများ၊ သံမဏိထုတ်ကုန်များ၊ ထုပ်ပိုးထားသော ပင်လယ်စာများ၊ ဆန်နှင့် ရော်ဘာထုတ်ကုန်များဖြစ်ပြီး၊ ကနေဒါနိုင်ငံ၏ အဓိက သွင်းကုန်များမှာ လျှပ်စစ်ပတ်လမ်းများ (electrical circuits)၊ စိန်၊ ရွှေ၊ ဓာတ်မြေဩဇာများနှင့် စက်ယန္တရားများဖြစ်ကြောင်း ထိုင်းသတင်းစာ The Nation က ဖော်ပြထားသည်။

https://www.nationthailand.com

**Source: https://commerce.gov.mm**

## ၂၀၂၆ ခုနှစ်တွင် ပင်လယ်စာပြည်ပတင်ပို့မှုမြှင့်တင်ရန်ပစ်မှတ်ထားဆောင်ရွက်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံ



အင်ဒိုနီးရှားနိုင်ငံ၏ ရေကြောင်းနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန (KKP) သည် ပင်လယ်စာပြည်ပတင်ပို့မှုအား အားကောင်းစေရန် ၂၀၂၆ ခုနှစ် မဟာဗျူဟာတစ်ရပ်ကို ထုတ်ဖော်ပြသခဲ့သည်။

၎င်းသည်ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အမေရိကန်နှင့်ဥရောပသမဂ္ဂ(EU)တို့၏ အသိအမှတ်ပြုလက်မှတ်ဆိုင်ရာ သတ်မှတ်ချက်အသစ်များနှင့်ကိုက်ညီစေရန်ကူညီပေးမည်ဖြစ်ပြီး ကမ္ဘာ့ဈေးကွက်သို့ ချဲ့ထွင်နိုင်ရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

ပင်လယ်စာထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေးဦးစီးဌာန (PDSPKP) မှ ဈေးကွက်ရှာဖွေရေးဒါရိုက်တာ Erwin Dwiyana က EU ၏ ဖမ်းဆီးရမိမှုလက်မှတ် (Catch Certificate)၊ ပြုပြင်ထုတ်လုပ်မှုဆိုင်ရာ ထုတ်ပြန်ချက် စည်းမျဉ်းများနှင့် အမေရိကန်၏ ကုန်ပစ္စည်းလက်ခံနိုင်မှုလက်မှတ် (Certificate of Admissibility) သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် တင်ပို့သူများကို ဝန်ကြီးဌာနက ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင်ဝန်ကြီးဌာနသည်အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့်လေထုအုပ်ချုပ်ရေးဌာန (NOAA) ၏ စည်းမျဉ်းအသစ်များကြောင့် ပို့ကုန်ကြန့်ကြာမှုများ မဖြစ်ပေါ်စေရန်အတွက် အင်ဒိုနီးရှား၏ ပိုက်ဖြင့်ဖမ်းဆီးသော ကဏန်းများ (Gillnet-caught crab) ကို အမေရိကန်က အတည်ပြုပေးရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

အခြားသော လုပ်ဆောင်ချက်များတွင် ကုန်သွယ်ရေးမစ်ရှင်များ စေလွှတ်ခြင်း၊ နိုင်ငံတကာတွင် ထုတ်ကုန်များကို အရောင်းမြှင့်တင်ခြင်းနှင့် စီးပွားရေး လုပ်ငန်းရှင်ချင်း ချိတ်ဆက်ပေးသည့် ပွဲများ (Business Matchmaking) ကျင်းပခြင်းတို့ ပါဝင်သည်။

တင်ပို့သူများအနေဖြင့် အင်ဒိုနီးရှား-ဂျပန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (IJ-EPA) အရ ၂၀၂၆ ခုနှစ်၊ ပထမသုံးလပတ်(Q1)အပြီးတွင်အကောင်အထည်ဖော်မည့်ပြုပြင်ပြီး တူနာငါးနှင့်ငါးကွမ်းရှပ်များအတွက် "သုညရာခိုင်နှုန်းအခွန်နှုန်းထား" (Zero-percent Tariffs) ကို အသုံးချရန် တိုက်တွန်းထားသည်။

မြောက်အမေရိက၊ တောင်အာရှ၊ အရှေ့အလယ်ပိုင်း၊ ယူရေးရှားနှင့် လက်တင်အမေရိကရှိ မိတ်ဖက်နိုင်ငံများနှင့်လည်း အခွန်နှုန်းထားလျှော့ချရေးအတွက် ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်နေသည်။

၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှား၏ ပင်လယ်စာတင်ပို့မှုသည် အမေရိကန်ဒေါ်လာ၆ ဒသမ၂၇ ဘီလီယံအထိ ရှိခဲ့ပြီး ယခင်နှစ်ထက် ၅ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ အမေရိကန်နိုင်ငံသည် အင်ဒိုနီးရှားအတွက် အကြီးဆုံးဈေးကွက်ဖြစ်ပြီး ပို့ကုန်တန်ဖိုး ဒေါ်လာ ၁ ဒသမ ၉၉ ဘီလီယံ ရှိကာ ၎င်းအနက် ဒေါ်လာ ၁ ဒသမ၈၇ ဘီလီယံမှာ ပုစွန်တင်ပို့မှုမှ ရရှိခြင်းဖြစ်သည်။

အမျိုးသားစာရင်းအင်းဌာန(BPS) ၏အဆိုအရ ၂၀၂၅ ခုနှစ်တွင်အင်ဒိုနီးရှား၏ငါးလုပ်ငန်းကုန်သွယ်မှုပိုလျှံမှု (Trade Surplus) မှာ ဒေါ်လာ ၅ ဒသမ၆ ဘီလီယံရှိခဲ့ပြီး ယခင် နှစ်ထက် ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

**Source : Antara**

**DOCA(ရန်ကုန်)**

## STOCK EXCHANGE (26.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Feb. 2026

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,193 (Shares) | 41,283,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +100 | +1.14% | 8,800 | 8,900 | 8,800 | 266 | 2,367,300 | 33,109,694 | 294,676 |
| MTSH | 00002 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 385 | 1,861,500 | 38,929,150 | 190,753 |
| MCB | 00003 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 5 | 42,000 | 10,400,986 | 87,368 |
| FPB | 00004 | 3,250 | +50 | +1.56% | 3,250 | 3,250 | 3,200 | 8,453 | 27,442,250 | 29,664,613 | 96,410 |
| TMH | 00005 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 340 | 1,012,500 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 4,391 | 7,245,150 | 19,977,223 | 32,962 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,850 | 243 | 954,850 | 10,497,598 | 41,466 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,250 | 3,250 | 3,250 | 110 | 357,500 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 26th Feb. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 455.67 | +2.96 | +0.65% | 451.43 | 456.22 | 451.43 | 14,193 | 41,283,050 | 8 | 859,471 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 26th Feb. 2026

| Trading Volume | Trading Value |
|---|---|
| 15,214 (Shares) | 44,040,850 (MMK) |

## Main Board

As of 1:00 p.m. 26th Feb. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,193 (Shares) | 41,283,050 (MMK) |

| MYANPIX | 455.67 ▲ 2.96 |
|---|---|
| Total Volume (shares) | 14,193 |
| Total Value (MMK) | 41 mil |
| Listed Company | 8 |
| Market Cap. (MMK) | 859,471 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 100 |
| MTSH | 00002 | 4,900 | ▲ 0 |
| MCB | 00003 | 8,400 | ▼ 100 |
| FPB | 00004 | 3,250 | ▲ 50 |
| TMH | 00005 | 3,000 | ▲ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 50 |

TIR